
လမင်းမိုမို
သူမှတစ်ပါး

# အခန်း(၁)

ဒစ်ဂျစ်တယ် မီးနီလေးတွေနှင့် လင်းလက်နေသည့် စာတန်းလေးက ဘန်ကောက်မှ ထွက်ခွာလာသည့် လေယာဉ်(....)ဟာ ရန်ကုန် လေဆိပ်ကို ဆင်းသက် လာပြီ ဖြစ်ကြောင်း အချက်ပြ ကြေညာ နေပါသည် ။ ဆိုက်ရောက် လာမည့် လေယာဉ်ကို ကြိုဆို စောင့်ဆိုင်း နေကြတဲ့ လူအုပ်ဟာ လှုပ်လှုပ်ရွရွနဲ့ ထသူထ လမ်းလျှောက် သူလျှောက် ဂနာမငြိမ် ဖြစ်သွား ကြပါသည် ။

ဒီခန်းမကို ဖြတ်ပြီး ဒီအပေါက်ဝ ဒီလမ်းကြောင်း အတိုင်း ထွက်လာကြမည့် သူတွေဟာ ကိုယ်တွေကို မဖြတ်ကျော်ဘဲ ဘယ်လိုမှ အပြင်ကို ရောက်မသွား နိုင်ပါဘဲနဲ့ ကို စိတ်တွေ စောတတ်ကြတဲ့ လူ့သဘာဝကြောင့် အသာအယာ စိတ်ရှည်လက်ရှည် ထိုင်ရာမပျက် စောင့်နိုင်တဲ့သူ ခပ်ရှားရှား။

အဲဒီ ခပ်ရှားရှား ထဲမှာ တော့ ဇော်နန်းက ပါပါသည် ။ သူကြိုဆိုစောင့်ဆိုင်းနေတဲ့ ဧည့်သည် က သူ့အတွက် ဘာမှ မှ စိတ်လှုပ်ရှားစရာမရှိတာ။ သူ့မိဘရဲ့ မိတ်ဆွေ သူငယ်ချင်း တစ်ဦးဖြစ်တဲ့ ဦးဂျင်မီ ကြီးပဲလေ။ အချိန်တန်ရင် ထွက်လာမယ့် ဦးဂျင်မီ ကြီးထံမှာ ပါလာမည့် လူကြုံ ပစ္စည်းထုပ်ကိုယူ ပြီးရင် ပြန်ရုံပဲဟာ။

ဦးဂျင်မီ ကြီးကိုလည်း ရန်ကုန်က သူ့ယောက်ဖ တစ်ယောက်က လာ

ကြိုပေးမည်။ စီစဉ်ပြီးသား ဖြစ်၍ ဟိုတွေ ဒီတွေ ဇော်နန်း ပို့ပေးဖို့ မလိုပါ။ ဦးဂျင်မိကြီးက ယောက်ဖနှင့် ညီမအိမ်မှာ နာရီပိုင်းနားပြီး အသင့်ကြို စီစဉ်ပြီးသော ခရီးစဉ်နှင့် မန္တလေးကို ချက်ချင်းတက်ပြီး သူ့အိမ်ပြန်မှာ မို့ လူကြုံပစ္စည်းကို လေဆိပ်အထိ လာယူ လိုက်တာပါ။

ရန်ကုန်အိမ်မှာ ခဏနားနေမည့် နာရီပိုင်း အတွင်းမှာ ပဲ လာရောက်တွေ့ဆုံမည့် ဧည့်သည် တွေ အမျိုးတွေက ရှိသေးတာမို့ ပစ္စည်းကို အိမ်အထိ လိုက်မယူပဲ လေဆိပ်မှာ တင် ဇော်နန်းက လက်လွှဲယူမှာ ။

တကယ်တော့ လူကြုံပစ္စည်းက ဇော်နန်းတို့ အတွက် ပစ္စည်း မဟုတ်ပါ။ ပုလဲတို့ အိမ်အတွက် ပုလဲတို့ အမျိုးတွေက ထည့်ပေးလိုက်တဲ့ လူကြုံ။ အယ်လ်အေမှာ ပုလဲ အမျိုးတွေနှင့် ဦးဂျင်မိတို့ က သိကျွမ်းရင်းနှီးသည် ။ ဦးဂျင်မိနှင့် ပုလဲတို့ က မရင်းနှီး။ ဦးဂျင်မိနှင့် ဇော်နန်းတို့ က ရင်းနှီးသည် ။

ဒီတော့ လူကြုံပစ္စည်းကို ပုလဲတို့ ကိုယ်စား ဇော်နန်းက လာယူ ပေးရတာပါ။ အဲဒီလို ကူညီပေးဖို့ အတွက်လည်း အကြောင်းပြချက်က ခိုင်ခိုင်လုံလုံ ရှိသည် လေ။ "စုပုလဲဦး" ဆိုတဲ့ ကောင်မလေးဟာ ဇော်နန်းရဲ့ ချစ်သူ မဟုတ်လား။

"တီတီ ... တီ"

တီးလုံးသံလေးကြောင့် ဇော်နန်းက သူ့ရဲ့ ဂျင်းဘောင်းဘီ နောက်အိတ်ထဲ ထိုးထားတဲ့ ဖုန်းကို နှိုက်ယူ ဖွင့်လိုက်ပါသည် ။

"ဟယ်လို"

"အနန်းလား"

"အင်း"

"လေဆိပ်မှာ ပဲလား"

"အင်းပေါ့"

"လေယာဉ် မဆိုက် သေးဘူးလား"

"Lended လို့ တော့ စာတန်း ထိုးထားပြီ၊ ခုလေးတင်ပဲ၊ ဘယ်သူမှ တော့ ထွက်မလာသေးဘူး"

"ဩော် ပုလဲက ပြန်တောင် လာနေလောက်ပြီ ထင်တာ"

"ခုမှ ဘယ်နန္ဒာရီလဲ ပုလဲရဲ့ "

"မြန်မြန်လာတော့"

"ဟောဗျာ ... ဒီမှာ မကြာကြာအောင် အလကား ထိုင်နေတာ ကျနေ တာပဲ"

"အဟင်း ... အဟင်း ဟင်း"

အချွဲပိုတတ်တဲ့ ပုလဲက ကလေးသံနှင့် ရယ်နေပြီးမှ ...

"ဒီနေ့ ဆိုင်ကို အနန်း မလာတော့ ပုလဲ ပျင်းနေပြီ အနန်း မြန်မြန် လာပါတော့ဆို"

"ဒီနေ့ မလာတော့ဘူးလေ ပုလဲရဲ့ ၊ ဒီလူကြို ပစ္စည်းထုပ်လည်း အိမ် ကိုသွားပြီး အန်တီ့ဆီပဲ ပေးခဲ့ရမှာ မဟုတ်လား။ ပြီးရင် ကိုယ် ဘိုပေါက် နဲ့ ချိန်းထားသေးတယ်"

"အာ ... ဘိုပေါက်ဆီ မသွားနဲ့ ကွာ၊ ပုလဲဆီလာ"

"မဖြစ်သေးဘူး ပုလဲရဲ့ ၊ ဘိုပေါက်နဲ့ က ချိန်းပြီးသား ဖြစ်နေပြီဟာ"

"ချိန်းပြီးသားဖြစ်ရင် ဖျက်လိုကပေါ့"

"အာ ... မရဘူး ပုလဲရဲ့ "

"ဘာလို့ မရရမှာ လဲ"

"ဘိုပေါက် အလုပ်ကိစ္စ တစ်ခု ကူညီရမှာ ပုလဲရဲ့ ၊ ဖျက်လို့ ဘယ်ကောင်းမလဲ"

"ဒါဖြင့် ညမှ ရော"

"ညလည်း မလာဖြစ်တော့ဘူး ပုလဲ၊ ညအထိ ဆက်သွားပြီး ညကျတော့ ကိုယ်တို့ ရော ကျော်ထင်တို့ ရော၊ နဂါးတို့ ရောကို ဘိုပေါက် လိုက်ကျွေးမှာ ပုလဲရဲ့ "

"ဟာ ... အနန်းက မကောင်းဘူးကွာ၊ သူ့ကိစ္စတွေကလည်း ရှုပ်ယှက်ခတ် နေတာပဲ၊ သူများ ကိစ္စတွေပဲ လိုက်ကူညီ လုပ်ပေးနေတာပဲ"

တကယ်တော့ လောလောဆယ်လည်း သူ့ကို ကူညီ လုပ်ကိုင် ပေးနေတာကို ပုလဲက မစဉ်းစားမိဘဲ သူများ ကိစ္စတွေ ကူညီတာကိုတော့ မနာလို ဖြစ်နေပါသည် ။ ပုလဲဟာ ဇော်နန်းကို အချစ်ကြီး အသည်းပိုလှတဲ့ အချစ်ရူးမလေး တစ်ယောက်လိုပင်။ သူ့ဆီလာမှ သူ့နားနေမှ သူနဲ့ ပဲ စကားပြော သူနဲ့ ပဲ သွားလာမှ ကျေနပ်တဲ့ သူပင်။

"ချိန်းထားတာမို့လေ ပုလဲရဲ့ "

"မနက်ဖြန်လည်း သန်လျင်မှာ ကားတစ်စီး သွားဝယ်မှာ မို့ ပုလဲဆီလာအားချင်မှ လာအားမယ် ဆိုပြီးတော့ ဒီနေ့လည်း မလာရင် နှစ်ရက်တောင်မှ မတွေ့ရတော့ပဲ နေရမှာ ပေါ့"

ဇော်နန်းက သက်ပြင်း ခိုးရှိုက်ပြီး ဆံစပ်ကို လက်ညှိုးကလေးနှင့် ထိုးကုတ်ရင်း စိတ်အိုက် နေမိပါသည် ။ အဲဒီတုန်း သူ့မျက်လုံးတွေက ဆို

က်ရောက် ခရီးသည် တွေ ထွက်ခွာလာတဲ့ တံခါးဝဆီ လှမ်းရောက် သွားပါသည် ။

ဖျတ်ခနဲ လှမ်းမြင် လိုက်ရတဲ့ လှည်းတွန်းလာတဲ့ ကောင်မလေး တစ်ယောက်ထံတွင် ဇော်နန်း မျက်ဝန်းတွေ တစ်ခဏ စိုက်သွားရသည် ။ တည်လွန်း အားကြီးတဲ့ မျက်နှာပေးနှင့် ရှေ့နောက်အရည် တစ်ညီတည်း ဆံပင်ပခုံး ထောက်ထောက်ကို ခါယမ်းကာ ကြိုနေတဲ့ လူစုစုထဲ မျက်လုံး ဝေ့ဝဲ ရှာဖွေလိုက်တဲ့ ကောင်မလေးရဲ့ ရုပ်လွှာဟာ တစ်ချက်လောက်မြင်တာနဲ့ ပဲ မာန ခေါင်ခိုက်နေတဲ့ မျက်နှာလို့ မှတ်ချက် ချချင်စရာ ကောင်းအောင် မထီမဲ့မြင် အေးတိအေးစက် နိုင်လှသည် ။

"အနန်း ... အနန်း ခေါ်နေတယ်လေ"

"ဟာ ... ပုလဲ၊ ဖုန်းချ လိုက်တော့မယ်၊ လူတွေ ထွက် လာပြီ၊ တော်ကြာ ဦးဂျင်မီကြီးကို လွတ်သွားဦးမယ်"

ဇော်နန်းက စကားလည်း ဆုံး ဖုန်းကိုလည်း ခလုတ်နှိပ်ဖြတ်၊

ရှေ့မှာ နှစ်ယောက်လောက်ပဲ ထွက်လာ ရသေးတာ။ ဦးဂျင်မီ ကြီးတော့ အရိပ်အရောင် ပေါ်မလာသေးပါ။ ခုနက ကောင်မလေးကတော့ ခြေလှမ်းတွေ ခပ်နှေးနှေးနှင့် သူ့ကို လာကြိုမယ့် သူကို ရှာဖွေနေတဲ့ ပုံ။

ဘယ်လို ဖြစ်သွားမှန်း မသိတဲ့ အငိုက်မိ မှ င်တက်မိခြင်း တစ်မျိုးနှင့် ဇော်နန်းက ကောင်မလေးကို မျက်တောင်မခတ် ငေးစိုက် ကြည့်နေမိပါသည် ။ ဘယ်လိုဖြစ်ပါလိမ့်။ ဘယ်လိုဖြစ်တာပါလိမ့်။ သူ့ရင်ထဲ ဘယ်ဘက်ခြမ်းဆီက နှလုံးခုန်သံသည် ဒိန်းခနဲ ဒိန်းခနဲ ကောင်မလေးရဲ့ ခြေလှမ်း စည်းချက်အတိုင်း မြည်ဟည်း ပဲတင်ရိုက် နေပါသည် ။

အသားဖြူ ဆွတ်ဆွတ်၊ ဖျော့တော့သော သွေးရောင် နှုတ်ခမ်း၊ နှာတံ

ဖျားလေးက ချွန်ကော့နေကာ မည်းစို နက်ရှုန်းနေတဲ့ မျက်ဝန်း တစ်ဝိုက် ကတော့ မာကျော အေးစက်တဲ့ ခံစားချက်ကို ဖော်ပြနေသည် ။ တစ်စုံ တစ်ယောက်ကိုပဲ မကျေနပ် နေတာလိုလို ဘဝကြီးကိုပဲ နာကြည်း မုန်း တီး နေတာလိုလို ဘယ်သူ့ကိုမှ ပဲ လူမထင် ဂရုမစိုက်တာ လိုလို၊

အဲဒီလို အရိပ်အငွေ့တွေ ယှက်သန်းနေတယ် ထင်ရသည့် အေးစက် စိမ်းကားသော မျက်နှာကလေးဟာ ဇော်နန်းရဲ့ ရန်ခုန်သံတွေကို မြန်သ ထက် မြန်ဆန် ကျယ်သထက် ကျယ်လောင်စေကာ မလှုပ်မယှက် မိ လောက်အောင် ဖမ်းစား ညို့ငင် ထားပါသည် ။

တီရှပ် ဖြူပေါ်က ကုတ်အင်္ကျီ နက်ကလေးနှင့် ဒူးလောက် စကတ် ပန်းဆီရောင် အိအိလေးကို ဝတ်ထားတဲ့ သူမပုံစံဟာ လူတွေ အားလုံး ကြားမှ လင်းနေ ထင်းနေ ရှင်းနေသည် ။ ဒေါက်ချွန်ချွန်နှင့် ရှူးဖိနပ် နက် ကလေး စီးထားတဲ့ ခြေတံကလေး တွေက သွယ်လျကာ လျှောက်လှမ်း ပုံလေးက ငြိမ်သက် ဣန္ဒြေရ လှသည် ။

လှတယ် ဆိုတာထက် အဆင့်မြင့်မြင့် ကလေး ကျက်သရေ ရှိနေတာ ။ မျက်နှာထား ဒီလောက် အေးစက်စက် တင်းမာတာကပင် သူမရဲ့ ကြ ည့်ကောင်းခြင်းကို ဖျက်ဆီး မပစ်နိုင်ပါ။ ဇော်နန်းနှင့် အတော် နီးလာတဲ့ နေရာ တစ်ခုတွင် သူမက ရပ်တန့် လိုက်ပြီး ခေါင်းကလေးကို ချာလ ပတ် လည်အောင်ပင် ဟိုဟိုဒီဒီ လှည့်ပတ် ရှာဖွေနေသည် ။

သနားပါတယ်။

သူ့ကို လာကြိုမည့်သူ ရောက်မလာ သေးဘူးပေါ့။

ရုတ်တရက် သူမ၏ မျက်ဝန်းများက သူမထံ လှမ်းကြည့်နေတဲ့ ဇော် နန်းရဲ့ မျက်ဝန်းများ နှင့် ဖျတ်ခနဲ အကြည့်ချင်း ခလုတ်တိုက် ဆုံစည်း သွားပါသည် ။ ဤတွင် ဇော်နန်းက မေ့မေ့ မောမော လှမ်းကြည့် နေမိ

တာအတွက် အားတုံ့အားနာ ဖြစ်သွားကာ မျက်လုံးကို ဘေးသို့ ရှပ်ခနဲ ရွှေ့ကာ လွှဲဖမ် လိုက်ရပါသည် ။

သူကတော့ ငါးစက္ကန့်လောက် ဆက်စိုက်ကြည့်နေ သေးတာကို ဇော်နန်းရဲ့ မျက်ဝန်းထောင့်င မကြည့်ပဲ မြင်နေ ရပါသည် ။ ထို့နောက်တော့ မိန်းကလေးက ဇော်နန်း ထိုင်နေရာနှင့် တစ်ခုံခြားသော နေရာမှာ အသာ ဝင်ထိုင် လိုက်ပါသည် ။

ဇော်နန်းထံ ပျံ့လာတဲ့ သင်းပျံ့ လတ်ဆတ်တဲ့ မွှေးရနံ့လေး တစ်မျိုးဟာ တစ်မျိုးလေး ယစ်မူးချင်စရာ ကောင်းလှသည် ။ ယဉ်ယဉ် ကလေးနှင့် နုဖျော့နေတဲ့ မွှေးရနံ့ ကလေးကြောင့် ဇော်နန်းစိတ်တွေ လှုပ်ရှားလာပြန်သည် ။ ကောင်မလေးဟာ ခုံနံဘေး လှည်းကို ဆွဲကပ်ထားပြီး ခပ်ငိုင်ငိုင် ထိုင်နေပါသည် ။

ဟာ ...။

ခုမှ သတိရတယ်။ ဦးဂျင်မီ။ ဦးဂျင်မီများ ထွက်တောင် ထွက်သွားပြီလား။ ဘေးပတ်ဝန်းကျင်နှင့် အဆက်ပြတ်သလို မေ့လျော့သွားတဲ့ ဇော်နန်းက ခုမှ ကမန်းကတန်း လန့်ဖျပ် သွားပါသည် ။ သူ ဒီကောင်မလေးကို အာရုံစူးစိုက် ဝင်စားသွားတာ မိနစ် အတန်ကြာ မဟုတ်လား။ သူမရဲ့ နောက်မှာ တဖွဲဖွဲ ဆက်ထွက် လာနေတဲ့ ခရီးသည် တွေထဲ ဦးဂျင်မီကြီးများ ရောနှော ပါသွားလား။

ဇော်နန်းက ကမန်းကတန်း ကမူးရှူးထိုးနှင့် ထိုင်ရာမှ ထရပ်လိုက်ကာ ဆက်တိုက် ထွက်လာနေဆဲ ခရီးသည် တွေထံ အမောတကောရှာဖွေ လိုက်ပါသည် ။ ဇော်နန်းရဲ့ လှုပ်ရှားမှု များကြောင့် နံဘေး တစ်ခုံကျော်က ကောင်မလေးက လှည့်ကြည့် လာသည့်။

ကြည့်သာ ကြည့်တယ်။ မျက်နှာကတော့ အေးစက်စက်။

ဇော်နန်းသည် လူအုပ်ရဲ့ နောက်နားမှာ အိပက် အိပက် လှုပ်တုတ်တုတ် လျှောက်လာတဲ့ ဦးဂျင်မီကြီးကို လှမ်းမြင်ကာ ဝမ်းသာအားရ ဖြစ်သွားပြီး ...

"အန်ကယ် ဂျင်မီ"

"ဟေး ... ဇော်နန်း"

ဦးဂျင်မီက လက်တစ်ဖက် မြှောက်ကာ ပြန်လည် အော်ဟစ် နှုတ်ဆက်သည် ။ ဇော်နန်း မျက်ဝန်းများက ကောင်မလေး ထသွားပြီလား။ လာကြိုသူ တွေ့သွားပြီလား တစ်ချက် လှမ်း အကဲခတ်မိ ပြန်သည် ။ မသွားသေးပါ။ သူမက ဇော်နန်းကို လှမ်းကြည့် နေပါသည် ။ သူနဲ့ မလှမ်းမကမ်းမှာ စကားပြောဆို နှုတ်ဆက် နေကြတာမို့ အမှတ်တမဲ့ လှမ်းပြီး စူးစမ်း နေမိတဲ့ ပုံမျိုးပင်။

"အန်ကယ် နေကောင်းတယ်နော်"

"ကောင်းတယ်၊ ကောင်းတယ်။ မင်းမာမီရော ဒက်ဒီရော နေကောင်းကြတယ် မဟုတ်လား၊ မင်းဒက်ဒီက ဘယ်တော့ ပြန်လာဖို့ ရှိလဲ"

"ဖေဖေက ပြန်လာဖို့ လိုသေးတယ် အန်ကယ် ဂျင်မီ"

"မနှစ်ကတော့ တစ်ခါ ဆုံလိုက် ကြသေးတယ်၊ သူတို့ သင်္ဘောလည်း အမေရိကားက် ပတ်တဲ့ အချိန် အန်ကယ်နဲ့ အဆက်အသွယ် ရပြီး တစ်ရက် ချိန်းကြ သေးတယ်လေ"

"ဟုတ်ကဲ့၊ ဖေဖေ ပြောပါတယ် အန်ကယ်၊ မမ စင်ဒီတို့ ယူဂျင်းတို့ရော"

"စင်ဒီကတော့ သူ့ယောက်ျားနဲ့ နယူးယောက်မှာ နေကြတာ၊ ယူဂျင်း

ကတော့ ဒီနှစ် ဘွဲ့ရပြီလေ၊ ဟော ... ကဲ ... ဟိုမှာ အန်ကယ့် ယောက်ဖ တောင် လာပြီ၊ ရော့ ရော့ ... သူတို့ ပါးလိုက်တဲ့ အထုပ်၊ မင်းကို အလွယ် ပေးရအောင် ဟဲန်းဒ် ကယ်ရီထဲပဲ ထည့်လာတယ်၊ ရေမွှေးတွေရယ်၊ နာရီ သုံးလုံးရယ်၊ စာရယ်၊ ချောကလက်တွေလည်း ပါတယ် ..."

"ဒေါက်တာ မျိုးဟန်က ပြောလိုက်တယ် မင်းလာယူ မယ်တဲ့ ၊ သူတို့ တူမက မင်းရဲ့ Fiancee(သတို့ သမီးလောင်း)ဆို"

"အဲ ... အဟဲ ဟဲ ... ဟုတ်"

"အေး ... အေး ... ကောင်းပါတယ်၊ ဒေါက်တာမျိုးဟန်က မျိုးကောင်း ရိုးကောင်းကွ၊ သူ့တူမ ဆိုတော့ ပြောစရာ ရှိမယ် မထင်ပါဘူး၊ ကဲ ... ရော့ ... ရော့ ... မင်းလက်ဆင့်ကမ်း လိုက်တော့"

"ဟုတ်ကဲ့ အန်ကယ် ဂျင်မီ၊ ကျေးဇူးပဲခင်ဗျ"

"ရတယ် ... ရတယ်၊ မာမီလည်း ပြောလိုက်၊ အန်ကယ် နှုတ်ဆက်တယ်လို့ "

"ဟုတ်ကဲ့"

"သွားပြီ ဇော်နန်းရေ"

"ဟုတ်ကဲ့ အန်ကယ်"

ဇော်နန်းသည် သူ့အနားမှ ဦးဂျင်မီ ထွက်ခွာ သွားသွားချင်းပင် ကောင်မလေး ထိုင်နေတဲ့ ဘက်ဆီ ဖျတ်ခနဲ လှမ်းကြည့် လိုက်မိပါသည် ။ ဒီတစ်ခါတော့ သူ့ကို လှမ်းစိုက်ကြည့် နေရာမှ မျက်နှာ လွှဲလိုက်သူက ကောင်မလေးပင်။ ဇော်နန်းကို တစ်ချိန်လုံး လှမ်းကြည့် နေခဲ့ပုံပေါ်သည် ။

ဒီလေယာဉ်နှင့် ပါလာ သူတွေတော့ ကုန်သလောက် ရှိသွားပြီ။ ဦးဂျင်မီက နောက်ဆုံး နားလောက်မှ ထွက်လာတဲ့ သူ။ ခန်းမမှာ တောင်လူတချို့တစ်ဝက် ရှင်းသွားပြီ။ နောက်မှာ ဆင်းသက်မည့် လေယာဉ်အတွက် ကြိုရောက် နေသူတွေ လောက်သာ ကျန်တာ။

ဟိုမိန်းကလေး ကတော့ နေရာက မထသေးရှာ။ သူမဟာ ဟိုဟိုဒီဒီလည်း ရှာဖွေ မနေတော့။ သူ့တစ်ယောက်တည်း ခပ်တည်တည်သာ ထိုင်နေသည် ။ ဇော်နန်းက တကယ်တော့ လက်ဝယ် ရရှိပြီး ဖြစ်သောအထုပ်ကို ပိုက်ကာ လေဆိပ်က ထွက်ခွာပြီး ပြန်ဖို့ သာ ရှိတော့တာပင်။ သို့သော် သူ့ခြေလှမ်းတို့ ကို ကောင်မလေးက တုံ့ဆွဲထားသလို ခံစားရသည် ။

ကြိုဆိုသူ ရောက်မလာသေးတဲ့ ကောင်မလေးကို ဒီအတိုင်း ထားရစ်သွားဖို့ သူ့စိတ်က မပါသလို ဖြစ်နေသည် ။ ကောင်မလေး ပုံစံက နိုင်ငံခြားကို တစ်ပတ် တစ်လ သွားလည်ပြီး ပြန်လာတဲ့ ပုံစံမဟုတ်။ နှစ်ရှည်လများ နေလာခဲ့ပြီး သူလို မြန်မာဆန်တဲ့ အရိပ်အငွေ့ ကျဲပါးကာ နိုင်ငံခြား စတိုင်ပဲ ထွက်နေပါသည် ။ ရန်ကုန်မြို့မှာ တစ်ယောက်တည်း သွားလာဖို့ လည်လည်ဝယ်ဝယ် ကျင်ကျင်လည်လည် ရှိပါ့မလားလို့ သူက ကြားထဲက စိတ်ပူ နေပါသည် ။

ဘယ်လိုပင် ဖြစ်စေ သူကလေးကို မြန်မာမလေး လို့ တော့ သူယူဆထားပါသည် ။ မြန်မာမလေး တစ်ယောက်ရဲ့ အရိပ်အငွေ့ပါ။ ဇော်နန်းသည် သူ့ကိုယ်သူပင် နားမလည်နိုင်အောင် အူကြောင်ကြောင်နှင့် ခန်းမထဲက ထွက်ခွာ မသွားမိသေးဘဲ ထိုမိန်းကလေးရဲ့ အရိပ်အကဲ ကြည့်နေရာမှ ထိုမိန်းကလေးရဲ့ ကျောဘက်က ခုံတစ်ခုံမှာ မနီးမဝေး ဝင်ထိုင် နေလိုက်မိပါသည် ။

ငါးမိနစ်။ ဆယ်မိနစ်။ ဆယ့်ငါးမိနစ်။

ကောင်မလေးရဲ့ မျက်နှာက ဒေါသရိပ် ဖုံးလွှမ်းလာသလို ထင်ရသည် ။ တစ်ချိန်လုံး အရိပ်အကဲ ကြည့်နေသည့် ဇော်နန်းသည် သူတစ်သက်လုံး တစ်ခါမှ မလုပ်ခဲ့ဖူးတဲ့ အပြုအမူဖြစ်သည့် "ကိုယ်နဲ့ မသိတဲ့ သူစိမ်း မိန်းကလေး တစ်ယောက်ကို စကား သွားပြောချင်း" ဟူသော အပြုအမူကို ဆောင်ရွက်ဖို့ စိတ်အား ထက်သန် တက်ကြွ လာပါသည် ။

ဘယ်အရာကများ သူ့ကို လှုံ့ဆော် သွေးထိုးနေတယ် မသိဘဲ အဲဒီ မိန်းကလေးကို အကူအညီ တစ်တခုခု ပေးလိုတဲ့ ဆန္ဒနှင့် သူ့ရဲ့ ရန်ခုန်သံတွေ မြန်ဆန် နေပါသည် ။ နောက်ဆုံးတော့ ဇော်နန်းသည် ပိုင်းဖြတ်ပြီးသော ခြေလှမ်းများ နှင့် ကောင်မလေး နံဘေး ရောက်လာခဲ့ကာ ...

"ဟိုင်း ..."

ခပ်တိုးတိုး နှုတ်ဆက် က်သည် ။ ဒိုင်းခနဲ မျက်လွှာ ပင့်လှန် ကြည့်လာတဲ့ ကောင်မလေးရဲ့ မျက်ဝန်းတွေက ဘာလာ နှောင့်ယှက်တာလဲ ဆိုတဲ့ စကားလုံးများ နှင့် အရောင်ရင့်ရင့်။ ဒါဟာ မြန်မာမလေး တစ်ယောက်ရဲ့ ဗီဇပဲပေ့ါ။

"လာကြိုမယ့်သူ မရောက်လာဘူး ထင်တယ်၊ ကျွန်တော် တစ်ခုခု ကူညီ နိုင်မလားခင်ဗျ"

သူမက ဇော်နန်းကို အေးတိ အေးစက်ပင် အကဲခတ်သည် ။ ဒေါသရိပ် တွေကတော့ မျက်ဝန်းထဲမှ ပျောက်ကွယ် သွားသည် ။

"ရှင်က ဘာကူညီ နိုင်လဲ"

တိုးတိတ် ခြောက်သွေ့တဲ့ စကားသံက အသက်မပါ ပါ။ အနိမ့်အမြင့် မရှိဘဲ ခံစားချက် ကျဲကျဲနှင့် လေသံက တန်းတန်းကြီးပင်။

"ဘယ်ကို သွားရမလဲ မသိဘူး၊ ကျွန်တော် လိုက်ပို့ ပေးနိုင်တယ်"

"ရှင်က အငှားကား ဒရိုင်ဘာလား"

ဇော်နန်းက ခေါင်းတစ်ချက်မော့ ပြုံးရယ် လိုက်ကာ ...

"အငှားကား ဒရိုင်ဘာတော့ မဟုတ်ဘူး ခင်ဗျ၊ ဒါပေမဲ့ ခင်ဗျားကို ကြိုမယ့်သူ မရောက်လာလို့ အခက်အခဲ ရှိနေရင် ရင်ကုန် မြို့ထဲက ဘယ်ကိုပဲ မဆို လိုက်ပို့ ပေးပါ့မယ်"

"ဒါဖြင့် ဝင်ဒါမီယာ ထဲကို ဘယ်လောက် ပေးရမလဲ"

"ပိုက်ဆံပေးဖို့ မလိုပါဘူး ခင်ဗျ၊ ကူညီတဲ့ အနေနဲ့ လိုက်ပို့ ပေးပါ့ မယ်၊ ကျွန်တော် အခုသွားမယ့် နေရာနဲ့ လည်း နီးနေလို့ လမ်းကြုံပါ တယ်"

ကောင်မလေးက အေးစက်စက်ပင် ခေါင်းယမ်းလိုက်ရင်း ...

"ပိုက်ဆံ မပေးရပဲတော့ မသိတဲ့ လူ သူစိမ်းရဲ့ ကားကို အကူအညီ တောင်းပြီး မစီးချင်ပါဘူး၊ နေပါစေ"

ဇော်နန်းက ကောင်မလေးကို ခဏငြိမ်ကာ စိုက်ကြည့်ပြီးမှ ...

"ကားခ ပေးရမှ ဆိုရင်လည်း ရပါတယ်"

သူမက ဇော်နန်းကို ငဲ့ကြည့် လာပါသည် ။ မျက်နှာကနေ ခန္ဓာကိုယ် တစ်လျှောက်က တစ်ဆင့် ခြေဖျားထိ စုန်ဆင်း ကြည့်လိုက်ပြီးမှ ...

"ဒါဖြင့် ဘယ်လောက်လဲ"

"ခင်ဗျားမှာ ကားခ ပေးစရာ ကျပ်ငွေ ပါလို့ လား"

"အိမ်ကိုရောက်မှ အဲဒီက တောင်းပေးမှာ ပေါ့"

"ဪ ... ဟုတ်တာပေါ့၊ ဒါဖြင့် လေဆိပ်နဲ့ ဝင်ဒါမီယာ နှစ်ထောင် ပေးဗျာ"

သူမက နှာခေါင်းကို တစ်ချက်ပွတ်ပြီး စဉ်းစားနေသည် ။ ရန်ကုန်မြို့က တက္ကစီ အငှားခတွေ သူဘယ်သိမလဲ။

ဇော်နန်းက ရယ်ချင် လာပါသည် ။ သူကတော့ ပုံမှန် တက္ကစီ ယူမယ်ထင်တဲ့ ဈေး ပြောလိုက်တာပင်။ နှစ်ထောင် နှစ်ထောင့်ငါးရာ အဲဒီလောက်ပေါ့။

"မများ ဘူးလား"

"အဟင်း ဟင်း ..."

ဇော်နန်း မအောင့်နိုင်ပဲ ရယ်လိုက်မိ၍ သူမ မျက်ခုံးများက တွန့်ချိုးမှုန်ကုပ်သွားရင်း ...

ဇော်နန်း မအောင့်နိုင်ဘဲ ရယ်လိုက်မိ၍ သူမ မျက်နှာများက တွန့်ချိုးမှုန်ကုပ်သွားရင်း ...

"ရှင် ရယ်စရာ မလိုပါဘူး၊ ကျွန်မ ဈေးဆစ်တာပါ၊ ဒီလိုပဲ ဆစ်ရတာပဲ မဟုတ်လား"

"ဟုတ်ကဲ့ပါ။ ဒါဖြင့်လည်း တစ်ထောင်ပဲ ပေးပါဗျာ"

"တစ်ထောင်"

"ဟုတ်ကဲ့"

ကောင်မလေးက အေးစက်စက် မာကျောကျော မျက်နှာ လေးနှင့်ပင် သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"အင်းလေ ပြီးရော၊ ရှင့်ကား စီးလိုက်တာပေါ့"

"ဟုတ်ကဲ့"

ကောင်မလေးက ထရပ်လိုက်ရင်း ...

"ရော့ ... လပ်ငွေချ်တွေ သယ်ခဲ့လိုက်ပါ"

ဇော်နန်းက ထပ်ပြီး ပိုပြီး ရယ်ချင် သွားရပါသည် ။ ကိုယ့်ကား ငှားစီးတော့မှာ မို့ ကိုယ့်ကို တကယ့် ဒရိုင်ဘာကြီးလို အထုပ်အပိုးပါ သယ်ခိုင်း တော့တာ။ သူမကတော့ ရှေ့ကနေ ခပ်ကြော့ကြော့ ခပ်မတ်မတ် ထွက်ခွာ သွားနှင့်ပြီ။

ဇော်နန်းသည် သူမရဲ့ သေတ္တာနှစ်လုံးကို ဆွဲကာ သယ်ကာ ထွက်လာပါသည် ။ အဆောက်အဦ အပြင်ရောက်တော့ ဇော်နန်းက ရှေ့က ဦးဆောင်၍ ကောင်မလေးက နောက်က။ ကားပါကင်ဆီ ရောက်၍ ကားပေါ် ဇော်နန်းက သေတ္တာ လှမ်းတင်လိုက်လျှင် ...

"ဟင် ... ရှင့်ကားက Jeep ကြီးလား"

"ဟုတ်ကဲ့"

"ကျွတ်"

သူမက စိတ်ပျက် သွားပုံပင်။ မျက်နှာကလည်း ဟိုးပထမ အေးစက်ရာက မှုန်တေ၊ ပြီးတော့ တင်းမား၊ ပြီးတော့ ပုတ်သိုး လာတာမျိုး တစ်ဆင့်ပြီး တစ်ဆင့်တက်၍ အလိုမကျ ဖြစ်လာသည် ။ ဇော်နန်းရဲ့ ဂျစ်ကားက မိုးလုံလေလုံ ဘော်ဒီအလှနှင့် ဟွန်းတပ် ဂျစ်ကားပါ။

ဂျစ်ကားကို သူမက ဟိုကြည့် ဒီကြည့် စေ့စေ့စပ်စပ် ကြည့်ပြီးမှ ဇော်နန်း ဖွင့်ပေးလိုက်တဲ့ တံခါးမှ ဝင်ထိုင် လိုက်ပါသည် ။ ဂျစ်ကား စတင်မောင်းထွက် လာလျှင် ဇော်နန်းဘက် အကဲခတ်သလို လှည့်ကြည့် နေရာမှ ...

"ရှင့်နာမည် ဘယ်လိုခေါ်လဲ"

"ဇော်နန်းပါ"

ဖြေပြီး ဇော်နန်းက သူမကို ပြုံးငဲ့ ကြည့်ကာ ...

"ခင်ဗျား နာမည်ရော သိခွင့် ရမလား"

"သိဖို့ လိုလို့ လား၊ ကျွန်မက ရှင့်ကို ကိုယ်ငှားစီး လာတဲ့ ကားရဲ့ ဒရိုင်ဘာ အဖြစ်နဲ့ နာမည်သိထားရင် ကောင်းတယ် ထင်လို့ မေးလိုက်တာ "

ဇော်နန်းက သူမ အဖြေကြောင့် အောင့်သက်သက် မဖြစ်နိုင်ပဲ ရယ်ချင်စိတ်သာ ဖြစ်ရပါသည် ။ အရာရာ သူ့စိတ်ဆန္ဒ ချည်းပဲဆိုတဲ့ မိန်းမမျိုးပါလား။ တကယ်တော့ ဤလိုသော အမူအကျင့် အပြောအဆို တို့ဟာ အမြင်ကတ် ချင်စရာကြီး ဖြစ်တတ် ပါလျက်နှင့် သူမ အပေါ်မှာတော့ အမြင် မကပ်နိုင်ဘဲ ချစ်စနိုး ဖြစ်ဖြစ် သွားမိသည် မှာ အံ့ဩစရာ ရယ်ပင်။

"တီတီ ... တီတီ"

ဖုန်းမြည်လာ၍ ဇော်နန်းက ကားမောင်းရင်း ကိုယ်ကိုကွေကာ ဖုန်းထုတ်ယူ ဖွင့်လိုက်သည် ။

"ဟယ်လို"

"အနန်း"

"အင် ..."

"ခု ဘယ်မှာ လဲ"

"အခု ပြန်နေပြီ၊ လမ်းပေါ်မှာ "

ဘေးက သူမက အားနာတတ်ပုံ မရဘဲ ဇော်နန်းဘက် ပေါ်ပေါ်ထင်ထင် လှည့်ကြည့် အကဲခတ် နေသည် ။ ရုပ်ကတော့ တည်တည်ပင်။

"ခုမှ ပြန်တာ"

" မဟုတ်ဘူး လေ လမ်းပေါ်မှာ "

"မမေ့ဆီ မရောက် သေးဘူးလား"

"မရောက်သေးဘူး"

"ဟာ ... လေဆိပ်နဲ့ အင်းလျားမြိုင် ဒီလောက်ဆို ရောက်နိုင်ပြီ ဆိုပြီး ဆက်လိုက်တာ"

"အင်း ... ဘာပြောမလဲ ပြော"

"ဘာလဲ ဘေးမှာ ဘယ်သူ ရှိနေလဲ"

အင်း ...။ ပန်ကာမ တို့ ကတော့ လည်သလား မမေးနဲ့ ဆိုတဲ့ ထဲက။ လေသံ အသွားအလာကို ကြည့်ပြီး ဒက်ခနဲ အမှန်အတိုင်း သံသယ ဝင်တတ်ပါရဲ့ ။

"ဘာဖြစ်လို့ လဲ"

"ဘာဖြစ်ရမလဲ၊ စကားပြောပုံ မပွင့်တပွင့် ဟိုချန်ဒီချန်နဲ့ နာမ်စားမပါ ဘာမပါ စကားပြောနေရင် ဘေးမှာ ကျဉ်းထဲကျပ်ထဲ ကျလောက်တဲ့ လူတစ်ယောက် ရှိလို့ ပေါ့၊ အနီးစပ်ဆုံး ကတော့ မိန်းကလေး တစ်ယောက်ပဲ။ အခု ဘေးမှာ ဘယ်သူပါလဲ ဖြေ"

ဇော်နန်းသည် ခေါင်းတွေ စုံကုတ် ပစ်ချင်ကာ စိတ်လည်း ရှုပ် ရယ်လည်း ရယ်ချင်တဲ့ အသံနှင့် ...

"မပါပါဘူး"

"တကယ်နော်"

"အင်းပေါ့"

"ဒါဖြင့် ပုလဲရေ ... မင်းကိုငါ သိပ်ချစ်တယ် ဟော့လို့ အကယ်ကြီး အော်လိုက် စမ်းပါ"

"အာ ..."

"ဘာအာလဲ၊ အော်လေ၊ ဘေးမှာ ဘယ်သူမှ မရှိရင် ဘာပဲ အော်အော် ဘာရှက်စရာ ရှိလဲ၊ ကိုယ့်ရည်းစားကိုယ် ချစ်တယ် အော်ရတာ ဘာမှ လည်း ဝန်လေးစရာ မရှိဘူး၊ အခု အော် လိုက်လေ"

"..."

"မအော်ဘူးပေါ့၊ ဘေးမှာ တစ်ယောက် ပါတယ်ပေါ့"

"..."

"မိန်းကလေး မဟုတ်လား၊ ပြောလေ အနန်း စိတ်တွေ တို လာပြီ နော်"

"လေဆိပ်ကနေ ဧည့်သည် တစ်ယောက် ပါတယ် ပုလဲရဲ့ ၊ ကဲ ... ဒါပဲနော်၊ ကိုယ် နောက်မှ ပြန်ဆက်လိုက်မယ်"

"အနန်း ... အနန်း"

ကိုယ့်စကား ဆုံးတာနဲ့ ဇော်နန်းက ဖုန်းလည်း ပိတ်၊ ပါဝါလည်း အော့ဖ်။ ထို့နောက် သူ့ကို မသိမသာ ကြည့်နေဆဲ ကောင်မလေးကို တစ်ချက် လှည့်ပြုံးပြ လိုက်ပါသည် ။ သူမကတော့ နည်းနည်းမှ မပြုံးပါ။ အေးတိ အေးစက်ပင် မျက်နှာ လွှဲသွားသည် ။

ဇော်နန်းက ပခုံးတစ်ချက် တွန့်ပြီး တစ်ယောက်တည်း ပြုံးမြဲမြဲနှင့်

ကားမောင်း လာရင်းက အိုးရှင်း စူပါ မားကက်ရှေ့ မီးပွိုင့်ကို အသာအယာ ဖြတ်ကျော် လာခဲ့စဉ် ...

"ဟင် ..."

လမ်းတစ်ဖက် ခြမ်းမှာ ဘောနက်ဖုံး ဖွင့်လျက်သား ရပ်တန့်နေတဲ့ ကားတစ်စီးကို လှမ်းမြင် လိုက်တာမို့ ရုတ်တရက် အရှိန် လျှော့လိုက်ပါသည် ။

အန်တီစန္ဒာ့ကား။

မေမေ့သူငယ်ချင်း ဖြစ်ရုံမက သူနှင့်ပါ ချစ်ခင်လှတဲ့ အန်တီစန္ဒာမို့ ဇော်နန်းက အရှိန်ကို လျှော့ပြီး လည်ပြန်အောင် ကြည့်လိုက်ပါသည် ။ အန်တီစန္ဒာ ပါသလား လို့ ပင်။ သူတို့ ကားက မြို့ပြင်ဘက် ခေါင်းတည်ထားကာ ကားရဲ့ နောက်နားမှာ အန်တီစန္ဒာ ထွက်ရပ် နေတာကို မြင်လိုက်ရလျှင် ဇော်နန်းက ကားကို ပလက်ဖောင်း တစ်ဖက်သို့ အချက်ပြကပ်ကာ ဘက်ဂ်ဂီယာနှင့် နောက်နည်းနည်း ပြန်ဆုတ် လိုက်ပြီး စက်မသတ်ဘဲ နောက်မီး ရှေ့မီး မှိတ်တုတ် ဖွင့်လျက် ...

"ခဏနော်"

"ဘာလဲ"

"ဟို ... ကျွန်တော့် အဒေါ်တစ်ယောက် ကားပျက်နေတာ တွေ့လို့ "

"ဟာ ... ရှင့်ကားကို ကျွန်မ ငှားလာတာလေ"

"ဟုတ်ကဲ့ ဒါပေမဲ့ ခဏလေးပါ မေးရုံပါဗျ"

"ကျွတ် ..."

ကောင်မလေးက စူအောင့်အောင့် စုတ်သတ်ကာ တစ်ဖက်လှည့်

လက်ပိုက် ထိုင်နေလိုက်၍ ဇော်နန်းက ကားပေါ်က အမြန်ဆင်းကာ လမ်းဖြတ်ကူး လိုက်ပါသည် ။ ကားချင်းက လမ်းဟိုဘက်ခြမ်း ဒီဘက်ခြမ်း လှမ်းမြင် နေရပါသည် ။

"အန်တီစန္ဒာ"

"ဟယ် ... သား၊ အနန်း ... ဘယ်လဲ"

"အန်တီ ကားပျက်နေတာ တွေ့လို့ သားက လေဆိပ်က ပြန်လာတာ၊ အန်တီ ဘယ်လဲ"

"ဒီနေ့ သမီး ရောက်လာမယ် အနန်းရယ်၊ လေဆိပ် သွားမလို့ ဟာ ကားက တစ်လမ်းလုံး ဖောက်လာတယ်၊ တုံ့ရပ် တုံ့ရပ်၊ ဒရိုင်ဘာက ရ တယ်၊ ရတယ် ဆိုတာနဲ့ ပဲ စောစောစီးစီး ကားလည်း မငှားမိဘူး၊ ဟိုနေ ရာ ထိုးရပ် ငါးမိနစ် ဒီနေရာ ထိုးရပ် ငါးမိနစ်နဲ့ လေယာဉ်တောင် ဆိုက် သွားပါပြီ၊ စိတ်ညစ်လိုက်တာ၊ ခုတော့ ကားငှားတော့ မယ်လို့ ထွက်ရပ် တာ။ အန်တီ့ကို လေဆိပ် ပို့ပေးပါလားသား ရလား"

"ဟိုလေ ... ဟိုဒင်းမှာ ..."

ဇော်နန်းက တစ်ဖက်လမ်းက သူ့ကားဆီ လက်ညှိုးညွှန်၍ အန်တီစ န္ဒာက လည်ဆန့် မျှော်ကြည့်ကာ ...

"ကားပေါ်မှာ ဧည့်သည် ပါလို့ လား၊ မိန်းကလေးလား၊ ဩော် ... ဝေ ဝေပြောတဲ့ သားရဲ့ ပုလဲဆိုတာ ပါလာတယ် ထင်တယ်"

" မဟုတ်ဘူး အန်တီစန္ဒာ၊ လေဆိပ်ကနေ ကားကြုံ တင်ခေါ်လာတဲ့ ကောင်မလေးပါ၊ သူ့အိမ် ပို့ပေးမလို့ ပါ"

"ဩော် ... ဒါဖြင့်လည်း နေပါစေတော့ သားရယ်၊ သွား ... သွား"

"အန်တီ့ကို လေဆိပ် ပြန်ကွေ့ချ ခဲ့ရင်ရော"

"အို ... နေပါစေ၊ ကားပဲ ငှားသွား လိုက်ပါမယ်၊ သူစိမ်းပါလာတာ အားနာ စရာကြီး၊ ထားခဲ့တော့ သား သွားတော့"

ဇော်နန်းက သူချစ်တဲ့ အန်တီစန္ဒာကို အားနာပါးနာ နှင့်ပင် သွားအဖြဲ သားကလေး ပြုံးပြရင်း လှည့်ပြန်မလို့ ရှိစဉ် ...

"တီ ... တီ ... တီ"

လမ်းတစ်ဖက်ကမ်း သူ့ရဲ့ ဂျစ်ကားဆီမှ ဟွန်းသံကွဲ ကြီးက ကျယ်လောင် မြည်ဟည်းကာ ထွက်ပေါ်လာသည် ။ ဟိုကောင်မလေးဟာ ဘာသည်းသည်းမှ မခံနိုင်သလို ကားမှန်ကိုချ လူက ခေါင်းထွက် ကြည့်ကာ ဟွန်းကို စွတ်တီးနေတာ။ အား ... ဒီကောင်မလေးတော့။ အခု မြန်မာပြည်မှာ ဟွန်းတီးလို့ မရတော့ ပြီကိုလည်း မျက်စိမပွင့် နားမပွင့်နှင့် သိပုံမရ။

"ဟင် ..."

"အဟဲ ... ဟို ... ဟို ... ဟွန်းတီးနေလို့ သား သွားတော့မယ် အန်တီ ... အဟီးဟီး"

"ဟင် ... အဲ ... အဲဒါ သမီးပဲ"

"ဗျာ"

"ဟင် ... ဘယ်လိုလုပ်ပြီး စိန်တပွင့်က မင်းကားနဲ့ ပါလာရတာတုန်း အနန်း"

"ဗျာ ... သားကားနဲ့ စိန်တပွင့်"

"စိန်တပွင့်လေ၊ အန်တီ့သမီးလေ၊ မင်းကားပေါ်မှာ ၊ ဘုရားရေ၊ ကဲ

... လာ ... လာ ဟိုဘက်လမ်း ကူးကြစို့၊ ဦးချစ်ရေ ရှင်နဲ့ ဒီကားတစ်စီး ကြည့်သာ လှူပ်ရှားပေတော့၊ ဝပ်ရှော့ ရောက်အောင်တော့လုပ်၊ ကဲ ... ကျွန်မသွားပြီ"

"ဟုတ်ကဲ့ အစ်မ၊ ဟုတ်ကဲ့"

ဇော်နန်းနှင့် ဒေါ်စန္ဒာတို့ လမ်းဖြတ် ကူးလာတာကို လှမ်းကြည့်ရင်းက "စိန်တစ်ပွင့်"ဆိုတဲ့ သကောင့် သမီးလေး ဟာလည်း မမြင်တာကြာတဲ့ သူ့အမေသူ မှတ်မိသွားပုံ ရပါသည် ။ ခေါင်းပြန်ဝင်ကာ ကားမှန်ကိုလည်း ပြန်တင် လိုက်ပါသည် ။

"သမီးက စိန်တပွင့် ဆိုတဲ့ အတိုင်း တကယ့် စိန်တပွင့်ပဲ အနန်းရေ၊ အင်မတန် မာကျောတယ်၊ ဘယ်လိုလုပ် ပြီးတော့များ သားရဲ့ ကားနဲ့ "

ဇော်နန်းသည် မျက်နှာတွေ ထူပူကာ စပ်ဖျဉ်းဖျဉ်းပင် ဖြစ်လာသည် ။ သူ့မှာ စုပုလဲဦး ဆိုတဲ့ ကောင်မလေး တစ်ယောက် ရှိကြောင်း သိနေလောက်အောင် ရင်းနှီးတဲ့ အန်တီစန္ဒာ့ သမီးကိုမှ ။ မျက်နှာပူစရာကောင်းလိုက်တာ။ သူ သွားကြောင်ပြီး လောကွတ်ချော် ခေါ်တင်လာတာ သိပြီပေါ့။ တကယ်တော့ ကြောင့်ရုံ သက်သက်လေး မဟုတ်ရပါဘဲ သူ့မှာ ထူးခြား ဆန်းကြယ်တဲ့ ခံစားချက် တစ်မျိုး သူ့ရင်ထဲ မွှေနှောက်ဝင်ပြီး သူ့နှလုံးသားကို ဆွဲဆောင့် ပစ်လိုက်တာ ခံရတာမို့ပါ။

***